# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 13, 2020 Volume 34, Number 8


**၁၃.၈.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၀ US$ |
| မြန်မာ့ရွှေဈေး | = ၁၂၈၉၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၉/- ကျပ် |
| CBM Rate | = ၁၃၆၆.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၁၈.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၆.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၈၈.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၀.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၉.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၈၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၆.၀၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၀၃၄ကျပ် |

၁၇၀Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အဝတ်အထည်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခုခွင့်ပြု



ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၃/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၁၂ ရက်တွင် Video Conferencing စနစ်ဖြင့်ကျင်းပခဲ့ရာ ယင်းအစည်းအဝေးတွင် အဝတ်အထည်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း အပါအဝင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုတို့ကို အတည်ပြုပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှသိရသည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များမှ Video Conferencing စနစ် အသုံးပြု၍ ပါဝင်ဆွေးနွေးခဲ့သည်။ အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် Samoa တို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း တစ်ခုတို့ကို အတည်ပြုပေးခဲ့ခြင်းဖြစ်ပြီး ယင်းလုပ်ငန်းများတွင် CMP စနစ် ဖြင့် Foam Mattress အမျိုးမျိုးထုတ်လုပ်ခြင်း၊ ကင်မရာအိတ်အမျိုးမျိုးချုပ်လုပ်ခြင်းနှင့် အဝတ်အထည်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းတို့ပါဝင်သည်။

အတည်ပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၆၄ သန်းနှင့် ငွေကျပ် ၂၁၇၄ ဒသမ ၂ သန်းဖြစ်ပြီး ယင်းလုပ်ငန်းသုံးခုတို့မှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/532

## Combodia loses duty-free access to the EU market over human rights concerns

As of today, 12 August, some of Cambodia's typical export products such as garments, footwear and travel goods are subject to the European Union's customs duties. The EU's decision to partially withdraw Cambodia's duty-free quota-free access to the EU market is now effective. The preferential treatment enjoyed by Cambodia under "Everything But Arms" (EBA) – the EU's trade arrangement for Least Developed Countries – is now temporarily lifted due to serious and systematic concerns related to human rights ascertained in the country. The EU enforces this measure while staying open to engage with Cambodia on the necessary reforms.

Commissioner for Trade Phil **Hogan** said: "*We have provided Cambodia with trade opportunities that let the country develop an export-oriented industry and gave jobs to thousands of Cambodians. We stand by their side also now in the difficult circumstances caused by the pandemic. Nonetheless, our continued support does not diminish the urgent need for Cambodia to respect human rights and labour rights. I stand ready to continue our engagement and to restore fully free access to the EU market for products from Cambodia provided we see substantial improvement in that respect.*"

The withdrawal of preferential access to the EU market concerns approximately 20% of Cambodia's exports to the EU. Cambodia may still export those products to the EU but they will be subject to general tariffs applicable to any other member of the World Trade Organization. The remaining 80% of Cambodia's exports continue to enjoy preferential (duty-free, quota-free) access to the EU market.

The Commission, together with the European External Action Service (EEAS), will continue its enhanced engagement with Cambodia. The EU will keep on monitoring the situation in the country, with a particular focus on current restrictions in the areas of freedom of expression and civil and political rights, as well as land disputes and labour rights in the context of the ongoing reforms.

The EU is aware of the significant impact of the coronavirus pandemic on Cambodia's economy and employment and stands ready to support the country in its fight against the coronavirus crisis and towards economic recovery. This, however, does not waive the urgent need to ensure respect for human rights and labour rights in Cambodia.

Since February 2020, when the EU's decision on partial withdrawal was taken, the Cambodian Government could at any time have taken the necessary steps to fulfil the conditions allowing the European Union to fully restore EBA preferential access to the EU market. This remains the case.

The Cambodian authorities should take action to restore political freedoms in the country, to reestablish the necessary conditions for a credible, democratic opposition and to initiate a process of national reconciliation through genuine and inclusive dialogue. The Commission and the EEAS have outlined the necessary actions to the Cambodian authorities on numerous occasions, as well as in the Commission's Delegated Regulation. Actions include the reinstatement of the political rights of opposition members and the repeal or revision of laws, such as the Law on Political Parties and the Law on Non-Governmental Organisations. If the government of Cambodia shows significant progress, particularly on civil and political rights, the Commission may review its decision and reinstate tariff preferences under the "Everything But Arms" arrangement, in line with the provisions of the EU Generalised Scheme of Preferences.

**Background**

TIR

The “Everything But Arms” (EBA) arrangement is part of the EU's Generalised Scheme of Preferences (GSP). The GSP allows vulnerable developing countries to benefit from lower duties or duty-free exports to the EU, and hence stimulate their economic growth. It is a one-way arrangement: it does not require reciprocity vis-a-vis EU exports. Through the EBA arrangement, the EU grants duty-free and quota-free access to its market for all products – except arms and ammunition – from Least Developed Countries (as defined by the United Nations). Under the GSP Regulation, tariff preferences may be suspended in the case of "serious and systematic violation of principles" laid down in the international human rights and labour rights conventions listed in an annex to the GSP Regulation.

Based on serious concerns about the deterioration of political, human, land and labour rights in Cambodia, in February 2019, the Commission opened a procedure for a withdrawal of the EBA preferences granted to Cambodia. On 12 November 2019, the Commission submitted to Cambodia a report demonstrating serious and systematic violations of key principles of the International Covenant on Civil and Political Rights (ICCPR) linked to political participation, freedom of expression and freedom of association in Cambodia. At the same time, despite remaining serious concerns, the report underlined tangible progress in solving land disputes in the sugar sector and with respect to labour rights. Following a period for comments, on 12 February 2020, the Commission adopted a Delegated

Regulation on a temporary and partial withdrawal of tariff preferences granted to Cambodia under the EBA. The Regulation entered into force on 25 April 2020 and takes effect as of 12 August 2020.

**For More Information**

EU Everything But Arms trade preferences

EU-Cambodia trade relations

**Source: Economic Attache’, Brussels, Belgium** (12 Augusts 2020)

## ပြည်ပလိုအပ်ချက်အတိုင်း တောင်သူများ စုပေါင်းစိုက်ပျိုးရောင်းချသည့်စနစ်ဖြင့် တင်ပို့နိုင်မည့် ထောပတ်သီးဧက ၇၀၀ ကျော် စတင်စိုက်ပျိုး



ပြည်ပလိုအပ်ချက်အတိုင်း တောင်သူများ စုပေါင်းစိုက်ပျိုးရောင်းချသည့်စနစ်ဖြင့် တင်ပို့နိုင်မည့် ထောပတ်သီးဧက ၇၀၀ ကျော်ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ စတင်စိုက်ပျိုးလျက်ရှိကြောင်း မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်၏ ပြောပြချက်အရသိရသည်။ ယင်းသို့ စုပေါင်းစိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် သွင်းအားစုများကို တစုတလုံးတည်း ဝယ်ယူ နိုင်သည့်အပြင် ပြည်ပသို့တင်ပို့ရန် ပိုမိုလွယ်ကူနိုင်မည်ဖြစ်သောကြောင့် စံပြအနေဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါစံပြကွက်များ၌ ထောပတ်သီးများ စိုက်ပျိုးနေပြီဖြစ်ရာ ၂၀၂၂ ခုနှစ်တွင် ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်သည်။ ယင်းစံပြကွက်ဧက ၇၀၀ ကျော်တွင် နိုင်ငံတကာဈေးကွက်ဝင် Hass မျိုးများကို ဧက ၆၀၀ ကျော် စိုက်ပျိုးထားကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/490

TIR

## ဧရာဝတီမြစ်ရေတက်ခြင်းကြောင့် စိုက်ခင်းများရေနစ်မြုပ်ခဲ့သဖြင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်နေ

ဧရာဝတီမြစ်ရေတက်ခြင်းကြောင့် စိုက်ခင်းများရေနစ်မြုပ်ခဲ့သဖြင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်နေကြောင်း မန္တလေးတိုင်းရှိ ဒေသခံများထံမှသိရသည်။ ဧရာဝတီမြစ်ရေ တက်ပြီး တာပေါင်ကျိုးသွားတော့ ဒီနားတဝိုက်ကစိုက်ခင်းတွေ အကုန်မြုပ်သွားတာလေ။ မနည်းဘူးဆုံးရှုံးကုန်တာ။ ကုန်စိမ်း (ဟင်းသီးဟင်းရွက်)တွေအားလုံး ဈေးကွက် တွေ တအားမှောက်ကုန်တယ်။ ပုံမှန်ဆို ဆလပ်က တစ်စီး ၅၀၊ ၈၀၊ ၁၀၀ ကျပ်နဲ့ ရောင်းတာ။ အခုကျ တစ်စည်းနှစ်ရာ့ငါးဆယ်၊ သုံးရာကျပ်လောက်ဖြစ်ကုန်တယ်။ တရုတ်နံနံ၊ ပင်စိမ်း၊ ကန်စွန်း၊ တာချီတိုင် အရွက်တွေ အကုန်ဈေးတက်တယ်။ ဒါတောင် ကျွန်တော်တို့က လက်ကားဖောက်သည်ဈေးနော်။ လက်လီဈေးဆို ဘယ်လို နေမလဲ မပြောတတ်ဘူးဟု မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းစံပြကျေးရွာ၊ ကွင်းအမှတ် (၆၀၄) မှ ဟင်းသီး ဟင်းရွက် စိုက်ပျိုးရောင်းချသူ ကိုမြင့်သန်းနိုင်ကပြောသည်။

ဇူလိုင်လ ၁၉ ရက်က ဧရာဝတီမြစ်ရေမြင့်တက်ကာ စစ်ကိုင်း–မန္တလေး ကန်ပတ်လမ်းတာရိုးကျိုးပေါက်ခဲ့ပြီး ဇူလိုင် ၂၃ ရက်ဝန်းကျင်၌ တာရိုးကိုပြုပြင်နိုင်ခဲ့သော်လည်း ဆက်စပ်ကျေးရွာများရှိ စိုက်ခင်းများမှာမူ မြစ်ရေနစ်မြုပ်ခြင်းကြောင့် ထိခိုက်မှုများပြားခဲ့သည်။ ဒီတာပေါင်ကို အမှီပြုနေတဲ့ ရှမ်းကလေးကျွန်း၊ မှန်တန်း၊ ယာဉ်တော်စတဲ့ ရွာ (၃) ရွာက မန္တလေးမြို့ရဲ့ ကုန်စိမ်းဈေးကွက်ကို ထိန်းထားတာ။ အခုလိုရေမြုပ်တော့ ဒီရွာတွေကို ထိခိုက်မှုရှိတယ်။ ခင်းတွေကတော့ ရေတွေမြုပ်ကုန်တော့ တောင်သူတွေက ချက်ချင်းတော့ နလံမထူနိုင်ဘူးလေ။ ဒ့ါကြောင့် ဈေးတွေတက်ကုန်တာဟု မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုလက်ထောက်ဦးစီးမှူး ဦးရဲနိုင်ဝင်းကပြောသည်။

**Source:** https://greenwaymyanmar.com/posts/get_high_price_of_vegetables

## ကော်ဖီတောင်သူများနှင့် ထုတ်လုပ်သူများကို ငွေကြေးဆိုင်ရာ နားလည်တတ်ကျွမ်းမှုသင်တန်းပေးမည်

မြန်မာနိုင်ငံကော်ဖီအသင်းက ကော်ဖီတောင်သူများနှင့်ထုတ်လုပ်သူများကို ငွေကြေးဆိုင်ရာ နားလည်တတ်ကျွမ်းမှုသင်တန်း (Financial Literacy) ပို့ချပေးမည်ဖြစ်ကြောင်း ယင်းအသင်းထံမှသိရသည်။ သင်တန်းသည် ကော်ဖီစိုက်တောင်သူများကို အားပေးသည့်သင်တန်းဖြစ်ပြီး ရွာငံမြို့နယ်တွင် တစ်ပိုင်တစ်နိုင် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရောင်းချသူများလည်းရှိသည့်အတွက် ကော်ဖီတောင်သူများနှင့်ထုတ်လုပ်သူများ ငွေကြေးကိုကောင်းမွန်စွာစီမံခန့်ခွဲနိုင်စေရန်အတွက် ပို့ချပေးခြင်းဖြစ်ကြောင်းသိရသည်။

သင်တန်းအတွင်း သင်တန်းသားများသည် နာခေါင်းစည်းတပ်ဆင်ခြင်း၊ လက်သန့်ဆေးရည် အသုံးပြုခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ၆ ပေခြား၍ထိုင်စေခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းတို့ကို ညွှန်ကြားချက်များနှင့်အညီလိုက်နာရမည်ဖြစ်ပြီး ငွေကြေးဆိုင်ရာ နားလည်တတ်ကျွမ်းမှုသင်တန်းကို ဩဂုတ်လ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ရွှေဂူးဂူဟိုတယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်တွင် ပို့ချပေးမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းများအတွက် မြန်မာနိုင်ငံကော်ဖီအသင်း (MCA) အသင်းဝင်များကို ဦးစားပေးမည်ဖြစ်ပြီး အသက် ၁၈ နှစ်မှ ၆၀ နှစ်အတွင်း မြန်မာစာ ရေးတတ်ဖတ်တတ်၍ အခြေခံသင်္ချာတတ်သူများနှင့် သင့်တော်သူစသည့်အချက်များအပေါ်မူတည်၍ သင်တန်းသားများကို ရွေးချယ်သွားမည်ဖြစ်သည်။ တောင်သူများသည် ယေဘုယျအားဖြင့် မှတ်တမ်းများပြုလုပ်ရာတွင် အားနည်းလေ့ရှိသည့်အတွက် တောင်သူများယာထဲသို့ စုစုပေါင်းမည်မျှထည့်ဝင်ထားသည်၊ ကော်ဖီသက်တမ်းအလိုက် ကုန်ကျစရိတ်၊ အရှုံး၊ အမြတ်စသည်တို့နှင့်ပတ်သက်၍ သဲသဲကွဲကွဲရှင်းပြနိုင်စွမ်းများ လိုအပ်လျက်ရှိကာ သင်တန်းသို့ တက်ရောက်ခြင်းဖြင့် နှစ်ရှည် သီးပင်အတွက်သာမက ရာသီပေါ်သီးနှံ စိုက်ပျိုးမှုများအတွက်ပါ ငွေကြေးဆိုင်ရာများကို နားလည်တတ်ကျွမ်းစေပြီး ငွေကြေးကို စီမံခန့်ခွဲနိုင်မည့် စွမ်းရည်များတိုးတက်စေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းထံမှသိရသည်။ မြန်မာနိုင်ငံကော်ဖီအသင်းက ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ၊ တင်ပို့ရောင်းချသူများအတွက် သင်တန်းများကို အတွေ့အကြုံရှိပညာရှင်များ၊ အဖွဲ့အစည်းများဖြင့်ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သည်။

**Source : The Voice**

https://news.ydnp.net/367353/

## လက်ရှိဘဏ္ဍာနှစ် ၁၀ လတွင် သွင်းကုန်တင်သွင်းမှုမြင့်တက်ခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၁ ဒသမ ၇ ဘီလျံ ဖြစ်ပေါ်ခဲ့ပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာ သန်း ၆၃၀ ကျော် ပိုမိုဖြစ်ပေါ်



လက်ရှိဘဏ္ဍာနှစ် ၁၀ လတွင် ယခင်နှစ် ကာလတူထက် သွင်းကုန်တင်သွင်းမှု ပိုမိုမြင့်တက်ခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၁ ဒသမ ၇ ဘီလျံကျော်ဖြစ်ပေါ်ခဲ့ပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာသန်း ၆၃၀ ကျော်ပိုမိုဖြစ်ပေါ်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။

ကုန်သွယ်မှုလိုငွေဆိုသည်မှာ မြန်မာနိုင်ငံက တင်ပို့သည့် ပို့ကုန်ပမာဏထက် အခြားပြည်ပမှ တင်သွင်းရသည့် သွင်းကုန် ပမာဏ ပိုများနေခြင်းကိုဆိုလိုသည်။ လက်ရှိ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ၁၀ လတွင် မြန်မာနိုင်ငံက တင်ပို့ထားသည့် ပို့ကုန်ပမာဏသည် ဒေါ်လာ၁၄ ဒသမ ၆၁၀ ဘီလျံရှိသည်။ ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၅၀၀ ခန့်သာပိုမို တင်ပို့ထားနိုင်ခဲ့သည်။ သို့သော်လည်း ပြည်ပနိုင်ငံများမှ တင်သွင်းထားသည့် သွင်းကုန်ပမာဏသည် ဒေါ်လာ ၁၆ ဒသမ ၃၁၂ ဘီလျံရှိသည်။ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁ ဒသမ ၁၃၅ ဘီလျံအထိ မြင့်တက်ခဲ့ကြောင်းသိရသည်။ အဆိုပါကာလအတွင်း ပို့ကုန်/ သွင်းကုန်ပမာဏများအား နှိုင်းယှဉ်ကြည့်ပါက သွင်းကုန်ပမာဏသည် ပို့ကုန်ပမာဏထက် ဒေါ်လာ ၁ ဒသမ ၇၀၂ ဘီလျံအထိ ပိုမိုတင်သွင်းထားသည်။ လက်ရှိဘဏ္ဍာနှစ် ၁၀ လတွင် ကုန်သွယ်မှုလိုငွေမှာလည်း ဒေါ်လာ ၁ ဒသမ ၇၀၂ ဘီလျံဖြစ်ပေါ်ခဲ့သည်။ ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှုလိုငွေ ဒေါ်လာတစ်ဘီလျံကျော်သာရှိသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ၁၀ လတွင် ဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှုလိုငွေသည် ယခင်နှစ်ကာလတူတွင် ဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှုလိုငွေထက် ဒေါ်လာ ၆၃၆ ဒသမ ၆၇၁ သန်းပိုမိုဖြစ်ပေါ်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်တင်ပို့မြင့်တက်လာစေရန် ပို့ကုန်မဟာဗျူဟာများရေးဆွဲကာ အကောင်အထည်ဖော်နေသကဲ့သို့ တခြားတဖက်တွင်လည်း ပြည်တွင်းလိုအပ်ချက်များကြောင့် ပြည်ပမှမဖြစ်မနေတင်သွင်းရသည့် ကုန်စည်များကိုလည်း လျှော့ချ၍ မရနိုင်သေးသောကြောင့် ကုန်သွယ်မှုလိုငွေလျှော့ကျလာအောင် ဆောင်ရွက်နေသော်လည်း လက်တွေ့တွင် အနည်းငယ်အခက်အခဲများရှိနေသေးကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားထားသည်။ “တကယ်လက်တွေ့လုပ်တဲ့အခါကျတော့ ကိုယ်ပြည်တွင်းလည်း စားသုံးမှုအားကောင်းလာတယ်။ ရင်းနှီးမြှုပ်နှံမှုပိုင်းမှာလည်း အထူးသဖြင့် အသေးစား၊ အလတ်စား လုပ်ငန်းတွေမှာ ကုန်ကြမ်းလိုအပ်တော့။ ဥပမာမွေးမြူရေးက တက်လာတယ်။ ကြက်စာအရမ်းတင်သွင်းဖြစ်တယ်။ ပဲပိစပ်ကြိတ်ဖက်ဆိုရင် ဟိုတုန်းက တန်ချိန်နှစ်သောင်းလောက် တစ်နှစ်ကို အခုဆိုတန်ချိန်ငါးသောင်းအထိ သွင်းလာတဲ့အခါကျတော့ ခွင့်ပြုရတာပဲ။ ဒါမှလဲ ဒီဘက်က လုပ်ငန်းတွေက တိုးတက်မှာ ဒါတွေကလျှော့လို့မရဘူးလေ။ တချို့ကလည်း ခရီးသွားတက်လာတဲ့အခါမှာ ဒီမှာ မထုတ်နိုင်တဲ့ ဝက်အူချောင်းတို့ အကောင်းစားငါးတွေ တင်သွင်းရတာရှိတယ်။ စားအုန်းဆီကလည်းလျှော့မပေး နိုင်ဘူး။ ဒီဇယ်မှာလည်း လျှော့လို့မရဘူး။ ဆေးဝါးကလည်း လျှော့လို့မရဘူးဆိုတော့ အလှကုန်ပစ္စည်းကလည်း လျှော့လို့မရဘူး” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။ ပြီးခဲ့သည့် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေပမာဏ အမေရိကန်ဒေါ်လာသန်း ၅၀၀ အထိ လျှော့ချရန်မျှော်မှန်းခဲ့သည်။ သို့သော် ဘဏ္ဍာနှစ်ကုန်ဆုံးချိန်၌ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလျံကျော် ဖြစ်ပေါ်ခဲ့သည်။

**Source:** https://news-eleven.com/article/187018

## နာနတ်သီးအထွက်နှုန်းကျသော်လည်း ဈေးနှုန်းအသင့်အတင့်ရှိနေ၍ နာနတ်စိုက်တောင်သူများအဆင်ပြေ



ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဘန့်ဗွီးကျေးရွာအုပ်စု ကျောင်းချယ်ကျေးရွာ၌ စိုက်ပျိုးထားသော နာနတ်သီးများ အထွက်နှုန်းကျသော်လည်း ဈေးနှုန်းအသင့်အတင့်ရှိနေ၍ နာနတ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ဒေသခံ နာနတ်သီးစိုက် တောင်သူများထံမှသိရသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးလျက်ရှိရာ ပြောင်း၊ နာနတ်သီး၊ ကြက်သွန်ဖြူ၊ ဖရဲသီး၊ သခွားမွေးစသည့် ကောက်ပဲသီးနှံ အမျိုးမျိုးကို စိုက်ပျိုးကြပြီး နာနတ်ပင်စိုက်တောင်သူများက ဝင်ငွေအသင့်အတင့်ရရှိနေကြသည်။ ''ကျွန်မက နာနတ်ပင် ၂၈ ဧကစိုက်ပါတယ်။ နာနတ်ပင်ကို ဇူလိုင်လနဲ့ ဩဂုတ်လမှာ စိုက်ပျိုးပြီး မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတို့မှာ နာနတ်သီးပေါ်ချိန်ဖြစ်တယ်။ တစ်နှစ်စိုက်ရင် လေးသီးစားပါတယ်။ နာနတ်သီးပေါ်ချိန်တွင် ခြံအထိလာဝယ်ရင် ရိုးရိုးအသီး ငွေကျပ် ၅၀၀၊ အလတ်သီးငွေကျပ် ၂၈၀၊ အသေးသီး ငွေကျပ် ၁၅၀ နဲ့ ပျားသီးဆို ငွေကျပ် ၁၀၀၀ နဲ့ ၁၂၀၀ ကြား ရောင်းချပြီး တောင်ကြီး၊ ဟဲဟိုး၊ အောင်ပန်းကို သွားရောင်းတော့ ရိုးရိုးသီးငွေကျပ် ၁၀၀၀၊ အလတ်ငွေကျပ် ၅၀၀ နဲ့ ၆၀၀ ကြား၊ အသေးက ငွေကျပ် ၃၀၀နဲ့ ပျားသီးကငွေကျပ် ၂၀၀၀ နဲ့ရောင်းရတယ်။ အရင်နှစ်က အလုံးရေတစ်သိန်းကျော် ထွက်ရှိပြီး အမြတ်ငွေ သိန်း ၁၀၀ ကျော်ရရှိပေမယ့် အခုနှစ်မှာ မိုးနည်းတော့အထွက်နှုန်းကျတယ်။ အလုံးရေ ခုနစ်သောင်းလောက်ပဲထွက်တော့ အမြတ်ငွေကငွေကျပ် သိန်း ၈၀ လောက်ပဲကျန်တယ်။ အထွက်နှုန်းကျပေမယ့် ဈေးနှုန်းအသင့်အတင့်ရနေတော့ သိပ်မဆိုးဘူး။ နာနတ်စိုက်တောင်သူတွေ အဆင်ပြေကြပါတယ်''ဟု နှစ်ပေါင်း ၂၁ နှစ်ကြာ နာနတ်ပင်စိုက်ပျိုးလာသည့် ဘန့်ဗွီးကျေးရွာအုပ်စု ကျောင်းချယ်ကျေးရွာရှိ နာနတ်ပင်စိုက် တောင်သူတစ်ဦးကပြောသည်။

နာနတ်သီးခူးထမ်း အငှားလိုက်သူ နမ့်ဟူးကျေးရွာနေ ဦးစိုးဝင်းကလည်း ''လူသုံးယောက်တော့လိုတာပေါ့။ တစ်ယောက်က အသီးခူးပေးပြီး နှစ်ယောက်က ခူးထားတဲ့အသီးကို ကောက်ထမ်းရတာပေါ့။ တစ်လုံးကိုငွေကျပ် ၂၀ ရတယ်။ တစ်ရက်ကို အလုံးရေ ၁၅၀၀ ရပါတယ်။ တစ်ဦးကို ငွေကျပ် ၁၀၀၀၀ နှုန်းရတာပေါ့။ ငါးရက်တစ်ပတ်ကို နှစ်ရက်၊ သုံးရက်လိုက်ရတယ်။ တစ်လကိုငွေကျပ် ၁၈၀၀၀၀ ခန့်ရပါတယ်။ ပုံမှန်လေး ထမ်းရတော့ အဆင်ပြေပါတယ်''ဟု ပြောသည်။ ဆီဆိုင်မြို့နယ် ဘန့်ဗွီးကျေးရွာအုပ်စု ကျောင်းချယ်ကျေးရွာသည် အိမ်ခြေ ၁၈၆ အိမ်ရှိပြီး နာနတ်စိုက်ဧက ၁၆၀၀ ရှိကြောင်း ဘန့်ဗွီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်အောင်ထံမှသိရသည်။ ကျောင်းချယ်ကျေးရွာထွက် နာနတ်သီးကို နေပြည်တော်၊ ရန်ကုန်၊ လွိုင်ကော်၊ တောင်ကြီး၊ ဟဲဟိုး၊ အောင်ပန်းနှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/488

## ရုရှားက COVID-19 ကာကွယ်ဆေးထုတ်နိုင်ပြီကြေညာသဖြင့် ဒေါ်လာဈေးနှင့် ရွှေဈေးအပြောင်းအလဲဖြစ်

COVID-19 ကာကွယ် ဆေးထုတ်လုပ်နိုင်ပြီဟု ရုရှားနိုင်ငံက ထုတ်ပြန်ကြေညာပြီးနောက် ကမ္ဘာ့ရွှေဈေး အပြောင်းအလဲဖြစ်ခဲ့ပြီး ယင်းနှင့်အတူ ပြည်တွင်းရွှေဈေးကွက်ပါ လိုက်ပါကျဆင်းခဲ့ကာ ဒေါ်လာတန်ဖိုးလည်း အတက်အကျဖြစ်ခဲ့သည်။ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် အခေါက်ရွှေတစ်ကျပ်သား ကျပ် ၁,၂၇၀,၀၀၀ ကျော်အထိဈေးပြုတ်ကျခဲ့သော်လည်း ညနေပိုင်းတွင် ၁,၃၀၀,၀၀၀ ကျပ်သို့ ပြန်လည်မြင့်တက်လာသည်။ “ရုရှားက ကာကွယ်ဆေးကို မှတ်ပုံတင်မယ်ဆိုတော့ ကမ္ဘာ့ဈေးက ပြုတ်ကျသွားတာ၊ အဲဒါကြောင့် ပြည်တွင်းမှာလည်း ဈေးကျလာတာပါ။ ဈေးသာအတက်အကျဖြစ်နေတာ အရောင်းအဝယ်က သိပ်မကောင်းပါဘူး”ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်ကပြောသည်။ “ပြည်တွင်းဈေးက ကမ္ဘာ့ဈေးအတိုင်း အတက်အကျဖြစ်နေမှာပဲ။ အခုလည်းကျပြီးတော့ ညနေပိုင်းမှာ ကမ္ဘာ့ဈေးပြန်တက်လို့ ပြန်လိုက်တက်လာတယ်”ဟု တိတ်စိန်ရွှေဆိုင်ပိုင်ရှင် ကိုဇော်အောင်ကပြောသည်။

ဒေါ်လာတန်ဖိုးမှာ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် တစ်ဒေါ်လာ ၁,၃၈၉ ကျပ်ဖြင့် ဈေးဖွင့်ပြီးနောက် ၁,၃၉၂ ကျပ်သို့ဈေးမြင့်တက်ခဲ့ကာ မွန်းလွဲပိုင်းတွင် တစ်ဒေါ်လာ ၁,၃၈၅ ကျပ်သို့ ပြန်လည်ကျဆင်းလာသည်။ ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးမတည်ငြိမ်ခြင်းကြောင့် ပုဂ္ဂလိကဘဏ်အချို့က ဒေါ်လာရောင်းချခြင်း ရပ်ဆိုင်းထားပြီး ဈေးကွက်အခြေအနေကို စောင့်ကြည့်နေကြောင်း ဘဏ်လုပ်ငန်း ကျွမ်းကျင်သူအချို့ကပြောသည်။ ပုဂ္ဂလိကဘဏ်များဖွင့်သည့်ဈေးနှုန်းနှင့် ငွေလဲကောင်တာများ ဖွင့်လှစ်သည့်ဈေးနှုန်းမတူညီသဖြင့် ပုဂ္ဂလိကဘဏ်အချို့က ဒေါ်လာအရောင်းရပ်ခြင်းဖြစ်သည်။

ဒေါ်လာတန်ဖိုးက ကမ္ဘာ့ရွှေဈေးအပေါ်မူတည်ပြီး ဈေးနှုန်းအတက်အကျဖြစ်နေသည်ဟုလုပ်ငန်းရှင်အချို့ကပြောသည်။ "ဒေါ်လာဈေး၊ ရွှေဈေးက နိုင်ငံတကာရဲ့ အခြေအနေအပေါ် မူတည်နေတယ်။ ရှေ့ဆက်ပြီးတော့ ဒေါ်လာအခြေအနေကိုတော့ ခန့်မှန်းရအတော်ခက်တယ်"ဟု မြန်မာနိုင်ငံမော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူး ရောင်းချသူများအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောသည်။ ပြည်ပပို့ကုန်လျော့နည်းသည့်မိုးရာသီတွင် မြန်မာနိုင်ငံ၏ငွေကြေးဈေးကွက်၌ ဒေါ်လာတန်ဖိုးက မြင့်တက်လေ့ရှိသော်လည်း ယခုနှစ်တွင်တန်ဖိုးကျဆင်းနေသည်။

**Source:** https://7day.news/detail?id=195419

## ခရမ်းချဉ်သီးစိုက်ပျိုးသည့်တောင်သူများ အဆင်ပြေ



ယခုဩဂုတ်လအတွင်း ခရမ်းချဉ်သီးဈေးနှုန်း ပြန်လည်ကောင်းမွန်လာသဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) နောင်တရားဒေသ၌ ခရမ်းချဉ်သီးစိုက်ပျိုးသည့်တောင်သူများ ပြန်လည်အဆင်ပြေလာကြောင်းသိရသည်။ ''အခု ဩဂုတ်လပထမပတ်မှာတော့ တစ်ပိဿာ ငွေကျပ် ၁၅၀၀၊ မနေ့ကဆို ငွေကျပ် ၁၃၀၀ နဲ့ ရောင်းရ တယ်။ ခရမ်းချဉ်သီးအမှည့်တွေပေါ့။ အောင်ပန်းကုန်စိမ်းပွဲရုံမှာ ရောင်းတဲ့ဈေးပါ။ ခရမ်းချဉ်သီးစိုက်ပျိုးတဲ့ တောင်သူတွေနားမှာတော့ ငွေကျပ် ၈၅၀၊ ၉၀၀ နဲ့ဝယ်တယ်။ အစိမ်းသီးတွေပေါ့။ ခုလို ခရမ်းချဉ်သီးဈေး ပြန်ကောင်းတော့ အရင်ကရှုံးခဲ့တာတွေ ပြန်ရ တာပေါ့။ အခုလိုဈေးကောင်းနေဖို့ မျှော်လင့်ပါတယ်''ဟု ခရမ်းချဉ်သီးဝယ်ရောင်းနေသည့် ထီရိုးကရင်ကျေးရွာမှ ဦးတဘဲကပြောသည်။ ''ခရမ်းချဉ်သီးဈေး ပြန်ကောင်းတော့ ကျွန်တော်တို့စိုက်တဲ့ လူတွေလည်း အဆင်ပြေတယ်။ ကျွန်တော့်ခြံဆို နှစ်ခါခူးပြီးပြီ။ ဒီလိုဈေးလေးဆိုရင်တော့ ခရမ်းချဉ်သီးစိုက်ရတာ ပျော်ပါတယ်''ဟု နောင်တရားမြို့မှ ဦးလှဲ့င်းကပြောသည်။

မေလနှင့် ဇွန်လအတွင်းတွင် ခရမ်းချဉ်သီးစိုက်ပျိုးသည့် တောင်သူများ ဈေးကောင်းမရခြင်းကြောင့် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး အခြေခံစားသောက်ကုန်များ လိုအပ်နေသည့်ဒေသများသို့ ပေးပို့လှူဒါန်းကြကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/492

## ကမ္ဘာ့ရေနံဈေးကျသဖြင့် ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း ထိုင်းသို့သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေ ၂၀ ရာခိုင်နှုန်းကျော် လျော့ကျ

ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ရောင်းချမှုမှ ကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံရရှိထားပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဒေါ်လာသန်း ၄၀၀ ကျော် လျော့နည်းခဲ့သည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကာလတူက ထိုင်းသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာနှစ်ဘီလီယံကျော်ရရှိထားသည်။ COVID-19ကာလအတွင်း ကမ္ဘာ့ရေနံဈေးကျဆင်းခြင်းကြောင့် သဘာဝဓာတ်ငွေ့ရောင်းချသည့် ဈေးနှုန်းများလည်းလျော့နည်းပြီး ဝင်ငွေကျဆင်းခြင်းဟု စီးပွား/ကူးသန်းဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။

ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ရောင်းချမှုက မြန်မာနိုင်ငံ၏ပို့ကုန်ကဏ္ဍတွင် ၁၀ ရာခိုင်နှုန်းကျော်ပါဝင်နေပြီး ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ပို့ကုန်တန်ဖိုးက ဒေါ်လာ၁၄ ဒသမ ၆ ဘီလီယံ ရရှိထားသည်။ သဘာဝဓာတ်ငွေ့ကို ပြည်ပသို့တင်ပို့ရောင်းချရာတွင် ထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းကို ထိုင်းနိုင်ငံသို့တင်ပို့ပြီး ၂၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ ရောင်းချနေသည်။ ကျန် ၃၀ ရာခိုင်နှုန်းကို ပြည်တွင်းရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ CNG ထုတ်လုပ်ရေး၊ ဓာတ်မြေဩဇာထုတ်လုပ်ရေး အခြားသောကဏ္ဍများတွင်သုံးစွဲသည်။

COVID-19 ကြောင့် နိုင်ငံတကာရေနံဈေးနှုန်းလျော့ကျနေသဖြင့် လာမည့်ဘဏ္ဍာနှစ် မြန်မာနိုင်ငံမှရောင်းချမည့် သဘာဝဓာတ်ငွေ့ဈေးနှုန်းများကို ၂၀ ရာခိုင်နှုန်းခန့် လျှော့ချလျာထားကြောင်း ၂၀၂၀-၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ အဆိုပြုတင်ပြချက်တွင် ဖော်ပြထားသည်။

**Source:** https://7day.news/detail?id=195458

## ပြည်တွင်းဈေးကွက်ကိုသာ အမှီပြုနေရခြင်းကြောင့် ကွမ်းသီးဈေးတက်ချိန်ဖြစ်သော်လည်း ဈေးကောင်းမရ



ပြည်တွင်းဈေးကွက်ကိုသာ အားထားအမှီပြုနေရခြင်းကြောင့် ကွမ်းသီး ဈေးတက်ချိန်ဖြစ်သော်လည်း ဈေးကောင်းမရရှိသေးကြောင်း ဈေးကွက်ကျွမ်းကျင်သူများထံမှသိရသည်။ ကျွန်တော်တို့က ရေးမြို့နဲ့ မြိတ်မြို့ကထွက်တဲ့ကွမ်းသီးတွေကို ဝယ်ယူနေတာပါ။ ကွမ်းသီးဈေးကျနေတာ လေးလလောက်ကိုရှိနေပြီ။ တမူးလမ်းပိတ်ထားတာကြောင့် အဓိကတင်ပို့တဲ့ အိန္ဒိယဘက်ကို ကွမ်းသီးတွေမထွက်နိုင်တော့ ရန်ကုန်နဲ့ပြည်တွင်းဈေးကွက်မှာပဲ လည်ပတ်နေလို့ ဈေးတက်မလာတာပါဟု ရန်ကုန်မြို့၊ ဘုရင့်နောင်ပွဲရုံရှိ ကွမ်းသီးဒိုင်မှ ကိုမျိုးမြင့်လတ်ကပြောသည်။

လက်ရှိဈေးကွက်တွင် ကွမ်းသီးတစ်ပိဿာလျှင် အရည်အသွေး အနိမ့်အမြင့်အပေါ်မူတည်၍ ၄၀၀၀ ကျပ်မှ ၄၇၀၀ ကျပ်အတွင်း ဈေးနှုန်းများဖြင့် ရောင်းဝယ်နေသည်။ ဒီနှစ်က ကွမ်းသီး အထွက်နည်းတယ်။ မြိတ်၊ ရေးဘက်ကဒေသတချို့မှာ ရေတက်တယ်။ ကွမ်းခြံတွေ ရေဝင်တယ်။ ဒီလိုမျိုး ရာသီဥတုမကောင်းတဲ့ ကာလဆိုတော့ ကွမ်းသီးအထွက်လည်းနည်းတယ်။ အထွက်နည်းတယ်ဆိုတော့ ဈေးတက်ရမယ့်ဟာကိုမတက်ဘူး။ ဈေးကွက် ဖြုန်းအားနည်းနေလို့ပါဟု ကွမ်းသီးပင်စိုက်ပျိုးသူ ကိုနိုင်အောင်ကပြောသည်။ ၂၀၁၉ ခုနှစ် (Covid-19 ကာလမတိုင်မီ) က ကွမ်းသီးတစ်ပိဿာလျှင် အရည်အသွေးပေါ်မူတည်၍ (၄၅၀၀) ကျပ်မှ (၆၀၀၀) ကျပ်အတွင်း ဈေးရရှိခဲ့ကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/can%27t_get_high_price_due_to_local_market

## ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှု ကန်ဒေါ်လာ ၇ ဒသမ ၉၃ ဘီလီယံကျော်ရရှိ



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှ ဇူလိုင် ၃၁ ရက်အထိ ၁၀ လအတွင်း စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၇ ဒသမ ၉၃ ဘီလီယံကျော် ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်သောစာရင်းများအရသိရသည်။ ပြည်ပပို့ကုန်များအနက် စက်မှုကုန်ချောကဏ္ဍသည် ပို့ကုန်ပမာဏ အများဆုံးဖြစ်ပြီး ယင်းနောက်တွင် လယ်ယာထွက်ကုန်နှင့် သတ္တုတွင်းထွက်တို့ အသီးသီးရှိကြောင်းသိရသည်။ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စက်မှုကုန်ချောတင်ပို့မှုသည် ယခင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၆၃ ဘီလီယံကျော်လျော့နည်းသွားခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အလားတူကာလတွင် ၈ ဒသမ ၁၉ ဘီလီယံကျော်ရရှိခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးက "ပြည်ပက အခု COVID-19 ကြောင့် Supply Chain ကို အဟန့်အတားဖြစ်သွားတာတွေလည်းရှိသလို သူတို့ မလိုတော့တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ သူတို့ အကြောင်းပြချက်ကတော့ သူတို့ရဲ့ပုံမှန်လည်ပတ်မှု နည်းနည်း တုံ့ဆိုင်း သွားတယ်လို့ထင်ပါတယ်။ တုံ့ဆိုင်းသွားတော့ မြန်မာနိုင်ငံကဟာတွေလည်း သူတို့မဆွဲတော့ဘူးပေ့ါ။ အော်ဒါတွေလည်း ထပ်မရတာတွေရှိပါတယ်။ ဒါပေမယ့် ပြန်တော့ဦးမေ့ဖို့ရှိပါတယ်။ အခုပုံစံအတိုင်း သွားမယ်ဆိုရင်တော့ ပြန်ကောင်းလာမှာပါ။" ဟု ဆင်ဟွာသို့ ယနေ့ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ အဓိကပြည်ပပို့ကုန်များမှာ လယ်ယာထွက်ပစ္စည်း ၊ တိရစ္ဆာန်ထွက် ၊ ရေထွက် ၊ သတ္တုတွင်းထွက် ၊ သစ်တော ထွက် ၊ စက်မှုကုန်ချောနှင့်အခြားတို့ဖြစ်ကြသည်။ ယခုဘဏ္ဍာနှစ်အတွင်း နိုင်ငံ၏ပြည်ပတင်ပို့မှုမှာ စုစုပေါင်း အမေရိကန် ဒေါ်လာ ၁၄ ဒသမ ၆ ဘီလီယံကျော်ရှိပြီး သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၃ ဘီလီယံကျော်ရှိကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်သော အချက်အလက်များအရသိရသည်။ နိုင်ငံ၏ ကုန်သွယ်မှုပမာဏ ၈၀ ရာခိုင်နှုန်းဝန်းကျင်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတစ်ဆင့်ပြုလုပ်ပြီး နယ်စပ်ကုန်သွယ်မှုကို အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဂိတ် ၁၇ ခုမှတစ်ဆင့် ပြုလုပ်လျက် ရှိကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/business/local/28986-2020-08-12-11-27-28

## ဂျပန်နိုင်ငံ၏ Smart Agriculture ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု



ကမ္ဘာတစ်ဝှမ်းပြန့်ပွားနေသည့် COVID-19 ကပ်ရောဂါသည် မျက်မှောက်ခေတ် လူသားတို့၏ဘဝအတွက် အကြီးအကျယ် ခြိမ်းခြောက်နေသည့် ပြဿနာတစ်ရပ်သဖွယ် ဖြစ်လာနေပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် အဆိုပါကပ်ရောဂါဆိုးကြီးကို ရင်ဆိုင် ကျော်လွှားနိုင်ရန် ၊ နိုင်ငံသူ/နိုင်ငံသားများ၏ ကျန်းမာရေး၊ စားဝတ်နေရေးနှင့် စီးပွားရေးထိခိုက်မှုများမှလျော့ပါးစေရန် နည်းမျိုးစုံဖြင့် ကြိုးပမ်း ဆောင်ရွက်လျှက်ရှိကြပါသည်။

ဂျပန်နိုင်ငံအစိုးရသည်လည်း နိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လာမည့် ၁၀ နှစ်တာကာလ အတွက်ရည်မှန်းကာ "The Basic Plan for Food, Agriculture, and Rural Areas" စီမံချက်ကို အကောင်အထည်ဖော်ရန် ၂၀၂၀ ပြည့်နှစ်၊ မတ်လမှအစပြု၍ ပုံဖော်ဆောင်ရွက်ရန်ပြင်ဆင်နေပါသည်။

အဆိုပါစီမံချက်သည် ဂျပန်နိုင်ငံအတွင်းရှိ (၂၀၁၅ ခုနှစ်စာရင်းဇယားများအရ) ၂.၀၈ သန်း ခန့်ရှိနေသည့် လယ်သမား အရေအတွက်သည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ၁.၃၁ သန်းခန့်သာရှိနိုင်မည်ဟူသည့် ခန့်မှန်းချက်ကိုအခြေခံကာ ရေးဆွဲ အကောင်အထည်ဖော်မည်ဖြစ်ပါသည်။

ပြည်တွင်း၌ လယ်သမားအရေအတွက် ကျဆင်းလာခြင်းသည် စိုက်ပျိုးရေးကဏ္ဍ ရေရှည် တည်တံ့နိုင်ခြင်းအတွက် အခက်အခဲဖြစ်လာနိုင်မည်ဖြစ်ပါသည်။ နိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် တည်ငြိမ်မှုရှိ၍ ရေရှည် ခိုင်မြဲသည့် စိုက်ပျိုးရေးလုပ်ငန်းပုံသဏ္ဍာန်ကို စီမံဖော်ဆောင်ရန်အရေးကြီးလှပါသည်။ ထို့ကြောင့် စက်ရုပ်များနှင့်လူသားတို့ ဖန်တီးထားသည့် အသိဉာဏ်အတု (artificial intelligence-AI) အစရှိသည့် နည်းပညာများအသုံးပြုထားသည့် (တစ်နည်း အားဖြင့်) "Smart Agriculture" ဟုခေါ်ဆိုသည့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို အကောင်အထည်ဖော် ဆောင်ရွက် ရမည်ဖြစ်ပါသည်။

ဂျပန်နိုင်ငံအနေဖြင့် အမှန်စင်စစ် လူဦးရေကျဆင်းလာနေမှုနှင့် ရင်ဆိုင်နေရပါသည်။ အကျိုးဆက်အနေဖြင့် စက်မှု ကုန်ထုတ်လုပ်မှုအပိုင်းတွင်လည်း ကျဆင်းလာနိုင်ပြီး ပြည်တွင်းလူဦးရေအတွက် အနာဂတ်အလားအလာမှာ စိတ်မချနိုင်စရာ ဖြစ်လာပါသည်။ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍနှင့် လူမှုစီးပွားဘဝတို့တွင် ဒစ်ဂျစ်တယ် နည်းပညာအသုံးချမှုအပိုင်း အသွင်ပြောင်းလဲလာသည့်အချက်သည် အလွန်အရေးပါသည့် အချက်တစ်ချက်ဖြစ်လာပါသည်။ ဂျပန်အစိုးရက ပြည်သူကို

ဗဟိုပြုပြီး အနာဂတ်လူ့အသိုက်အဝန်းအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုနှစ်ရပ်စလုံးကို ဟန်ချက်ညီမျှစေရန် cyberspace နှင့် physical space တို့ကို သဟဇာတဖြစ်စွာ ပေါင်းစည်းဆောင်ရွက်မည့် “Society 5.0” ကို ပုံဖော်ရန် အားပေးဆောင်ရွက်နေပါသည်။ အစိုးရက drone များအသုံးပြုမှုနှင့် ဒေတာအချက်အလက်များအသုံးပြုထားသည့် နည်းပညာကို ကနဦးအဆင့်တွင် စတင်ဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်မှုတိုးတက်စေရန် ရည်ရွယ်ပါကြောင်းနှင့် ထိုသို့ဆောင်ရွက်နေကြောင်းကို စိုက်ပျိုးရေးကဏ္ဍနယ်ပယ်တွင် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်ရန် ပြင်ဆင်နေပါသည်။

“Smart Agriculture” သည် လုပ်သားအင်အားကို သက်သာစေသည့် နည်းပညာတစ်ရပ်ထက်ပင် သာလွန်သည့် အကျိုးကျေးဇူးများရှိပြီး ဒေတာအချက်အလက်များ အသုံးပြုဆောင်ရွက်သည့် စိုက်ပျိုးရေးစနစ်ပုံစံအသစ်နှင့် စားသုံးသူများလိုအပ်ချက်ကို စိုက်ခင်းမှတဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များအဆင့်အထိ ဖန်တီးပံ့ပိုးပေးနိုင်သည့်အခြေအနေကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

အဆိုပါ “Smart Agriculture” ကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ဂျပန်အစိုးရက စိုက်ပျိုးရေးသမားများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ တက္ကသိုလ်များနှင့် စီရင်စုဒေသအစိုးရများအကြား စိန်ခေါ်မှုများ၊ မူဝါဒများ၊ ဝန်ဆောင်မှုကဏ္ဍအသစ်များ၊ ၎င်းနည်းပညာအသစ်အသုံးချမှုကို မိတ်ဆက်ရာတွင် ကုန်ကျစရိတ်သက်သာအောင် ဆောင်ရွက်မှုများနှင့်ပတ်သက်၍ သတင်းအချက်အလက်များဖလှယ်နိုင်ရန် platform တစ်ခုကိုဖန်ဆီးပေးရန် ဆောင်ရွက်နေပါသည်။

ဂျပန်အစိုးရအနေဖြင့် အဆိုပါ platform ကို နိုင်ငံတော်စီမံချက်တစ်ခုအဖြစ် တစ်နိုင်ငံလုံးမှ စိုက်ပျိုးရေးဒေတာသတင်းအချက်အလက်များကိုစုစည်းကာ ပြည်သူအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် နယ်ပယ်တစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

“WAGRI platform” ကို ၂၀၁၉ ခုနှစ်၊ ဧပြီလကတည်းကအစပြုခဲ့ပြီး လက်ရှိတွင် ICT vendor များနှင့် စိုက်ပျိုးရေးသုံးကိရိယာထုတ်လုပ်သူများက နည်းပညာအစုံစုံနှင့် အများပြည်သူများ ဝင်ရောက်လေ့လာနိုင်သည့် ဒေတာအချက်အလက်များ (စိုက်ပျိုးမြေများ၊ ရာသီဥတု၊ မြေဆီလွှာဆိုင်ရာအကြောင်းအရာများ၊ ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများ အစရှိသည်) တို့ကို စုစည်းထားပါသည်။ “WAGRI platform” သည် အဆိုပါ စိုက်ပျိုးရေးအချက်အလက်ဒေတာများနှင့် နည်းစနစ်များကို ပေါင်းစပ်ဆောင်ရွက်ရန်ပံ့ပိုးပေးပြီး စိုက်ပျိုးရေးကုမ္ပဏီအတွက် သတင်းအချက်အလက်နည်းပညာနှင့် အဆင့်မြင့်ဝန်ဆောင်မှုနည်းလမ်းများကို ဖန်တီးနိုင်ရေးအားပေးသည့် သွေးကြောမသဖွယ် ဆောင်ရွက်ပေးပါသည်။

(MAFF) ၏ မျှော်လင့်ချက်မှာ ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်များကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် အဆိုပါပန်းတိုင်များနှင့်အညီ ဂျပန်နိုင်ငံ၏ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများအကြား ဟန်ချက်ညီညီ ဖြန့်ကျက်အကောင်အထည်ဖော်နိုင်ရန်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသည့် စိုက်ပျိုးထုတ်လုပ်မှုများကို “Smart Agriculture” မှတဆင့် အကောင်အထည်ဖော်ခြင်းဖြင့် ကုလသမဂ္ဂ၏ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်များဆီသို့ ရှေးရှုချီတက်ရန် ကြိုးပမ်းနေပါသည်။

လက်ရှိမျက်မှောက်ခေတ်တွင် ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်မှုသည် မြင့်တက်လာသော်လည်း ကမ္ဘာ့လူဦးရေတိုးပွားလာမှုနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် တကမ္ဘာလုံး၏ စားနပ်ရိက္ခာလိုအပ်ချက်နှင့်အညီ အစားအစာပံ့ပိုးမှုဆိုင်ရာအခက်အခဲများ ရင်ဆိုင်နေရပါသည်။ အဆိုပါစိန်ခေါ်မှုများမှကျော်လွှားနိုင်ရန် ဂျပန်အစိုးရအနေဖြင့် ခေတ်မီနည်းပညာများအသုံးပြုကာ နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံစေရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ရေရှည်တည်တံ့စေရေးတို့အတွက် “Smart Agriculture” ကဲ့သို့ နည်းပညာအထူးပြု စိုက်ပျိုးရေးစနစ်သစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**Source:** **၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သည့် Open Access Government တွင်ဖော်ပြထားသည့် ဂျပန်နိုင်ငံ၊ စိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးဌာန (MAFF) ဝန်ကြီး Mr. Taku Eto ၏ ဆောင်းပါး**
**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## ဟောင်ကောင်ဒေသ၌ ထုတ်လုပ်သည့်ကုန်ပစ္စည်းများအား အမေရိကန်နိုင်ငံသို့တင်ပို့ရာတွင် တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်းဟုတံဆိပ် ပြန်လည်ပြောင်းလဲကပ်ရန်လိုအပ်လာခြင်း

အမေရိကန်အစိုးရ၏ညွှန်ကြားချက်အရ ၂၅-၉-၂၀၂၀ ရက်နေ့မှစတင်၍ ဟောင်ကောင်၌ထုတ်လုပ်သည့် ကုန်ပစ္စည်းများအား အမေရိကန်နိုင်ငံသို့ တင်ပို့ရာတွင် တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်း 'Made in China' ဟုတံဆိပ်ပြောင်းလဲကပ်ရန် အမေရိကန်နိုင်ငံအစိုးရကကြေညာခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Finbarr Bermingham က "City's U.S. Exports to be Relabelled 'Made in China'" ခေါင်းစဉ်ဖြင့်ရေးသား ဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် ဟောင်ကောင်ဒေသ၏ ၁၉၉၂ ခုနှစ် နိုင်ငံရေးအက်ဥပဒေအား ခေတ္တ ဆိုင်းငံ့ထားခြင်းနှင့် အမေရိကန်သမ္မတထရန့်၏ အမိန့်ထုတ်ပြန်ကြေညာချက် (Executive Order) ကြောင့် တရုတ်-အမေရိကန် ကုန်သွယ်ရေး စစ်ပွဲကြောင့် တရုတ်ပြည်မကြီး ပို့ကုန်တင်ပို့သူများ အပေါ် ကောက်ခံသည့် အခွန်နှုန်းထားကို ဟောင်ကောင်ကုမ္ပဏီများမှလည်း တူညီစွာ ပေးဆောင်ရလိမ့်မည်ဖြစ်ကြောင်း၊ အဆိုပါ ကြေညာချက်ထုတ်ပြန်ပြီး (၄၅) ရက်အကြာတွင် ဟောင်ကောင် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်သည့် ပင်ရင်းနိုင်ငံမှာ တရုတ်နိုင်ငံဟုဖော်ပြရမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းမှာ ဟောင်ကောင်ဒေသ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ကြာရှည်ရပ်တည်နိုင်ခြင်းမရှိဘဲ တရုတ်ပြည်မကြီးနှင့် ခွဲခြားထားမှုအား တူညီအောင်ညှိပေးရာ ရောက်မည်ဖြစ်ကြောင်း၊ သတ်မှတ်ချက်နှင့်မကိုက်ညီသည့် ကုန်ပစ္စည်းများအနေဖြင့် အမေရိကန်ဆိပ်ကမ်းတွင် အခွန် (၁၀) ရာခိုင်နှုန်း ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သီးခြားအဖွဲ့ဝင်ဖြစ်သောကြောင့် အဆိုပါအခွန်ကောက်ခံမှု သတ်မှတ်ချက်များမှာ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့တွင် ရှုပ်ထွေးနိုင်သည်ဟု ဟောင်ကောင်ဒေသအစိုးရက ပြောကြားခဲ့ကြောင်း၊ ထို့ပြင် အမေရိကန်နိုင်ငံအပါအဝင် မိတ်ဖက် အဖွဲ့ဝင်များအားလုံးကို ထိခိုက်စေနိုင်ကြောင်း၊ အမေရိကန်သည် ဟောင်ကောင်ဒေသအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သီးခြား အဖွဲ့ဝင်ဖြစ်သည်ကို လစ်လျူရှုရာရောက်ကြောင်း၊ ဟောင်ကောင်ဒေသအစိုးရအနေဖြင့်လည်း ဟောင်ကောင်ဒေသ၏ အကျိုး စီးပွားကို ကာကွယ်နိုင်ရန်အတွက် လိုအပ်လျှင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများအရ ဆောင်ရွက်သွားမည် မဟုတ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်အနေဖြင့် အမေရိကန်နှင့်ကုန်သွယ်မှုတွင် လိုငွေရှိကြောင်း၊ ဟောင်ကောင်မှ အမေရိကန်သို့ ပို့ကုန် တင်ပို့မှုတွင် ၂၀၁၉ ခုနှစ်တွင် (၁၆) ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ (၂၆) ဘီလီယံနှင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှမေလအထိ (၂၂.၃) ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း၊ ဟောင်ကောင်ဒေသမှာ ကုန်ပစ္စည်းများ ပြန်လည် တင်ပို့ရန် အချက်အချာကျသည့်ဒေသအဖြစ် ထင်ရှားကြောင်း၊ ယခုအခါ ဟောင်ကောင်ဒေသ၌ ထုတ်လုပ်သည့်ကုန်စည်များ အား (၁) ရာခိုင်နှုန်း တင်ပို့လျှင်ပင် တရုတ်ပြည်မကြီးကဲ့သို့ အခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၌ ထုတ်လုပ်သည်ဖြစ်စေ၊ ပြန်လည်ပြင်ဆင် ထုတ်လုပ်သည်ဖြစ်စေ အမေရိကန် မှ တရုတ်ပြည်မကြီးအပေါ် သတ်မှတ်ထားသော အပိုင်း (၃၀၁) အခွန်ကောက်ခံမှုအရ ပေးဆောင်ရ မည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၏စီးပွားရေးမှာ ၂၀၂၀ ပြည့်နှစ်၊ ပထမလေးလပတ်တွင် (၉.၁) ရာခိုင်နှုန်းနှင့် ဒုတိယလေးလပတ်တွင် (၉) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အမေရိကန် ဒေါ်လာ (၅၅၀) ဘီလီယံတန်ဖိုးရှိ တရုတ်ကုန်စည်များအပေါ် ယခုလက်ရှိတွင် အမေရိကန်မှ အခွန် ကောက်ခံလျှက်ရှိပြီး ဟောင်ကောင်၌ ထုတ်လုပ်သည့် ကုန်စည်များအပေါ် အခွန်ကောက်ခံမှုကြောင့် အနည်းငယ်ပိုမိုများပြားလာနိုင်ကြောင်း၊ ဟောင်ကောင်ဒေသ၏ ပို့ကုန်ထိန်းချုပ်ရာရောက်ပြီး၊ အမေရိကန်မှနည်းပညာများကို ဟောင်ကောင်ဒေသသို့ တင်သွင်းသူများအတွက်လည်း အခက်အခဲဖြစ်နိုင်ကြောင်း၊ ဟောင်ကောင်ဒေသရှိ အချို့သော နည်းပညာကုမ္ပဏီများ၏ဈေးကွက်မှာ အမေရိကန်နိုင်ငံ၌ အနည်းငယ်သာရှိပြီး တရုတ်ပြည်မကြီးနှင့် ဥရောပနိုင်ငံတို့တွင် အများအပြားရှိကြောင်း၊ တရုတ်-အမေရိကန် ကုန်သွယ်ရေး စစ်ပွဲကြောင့် အချို့ကုန်စည်များကို အမေရိကန်အပြင် အခြားဒေသများစွာသို့ တင်ပို့နိုင်ရန်လည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့သော် အမေရိကန်သမ္မတထရန့်၏ မူဝါဒနှင့်ကန့်သတ်ပိတ်ပင်မှုများအတွက်လည်း စိုးရိမ်ပူပန်လျက်ရှိကြောင်း ရေးသား ဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## ၂၀၂၀ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ ကုန်စည်ကုန်သွယ်ရေးသည် ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းဘောင်အတွင်း ကျဆင်းနိုင်ဟု သတင်းထုတ်ပြန်

ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးနှင့် ကုန်သွယ်မှု ကျဆင်းလျက်ရှိခြင်း၊ ဝယ်လိုအားကျဆင်းမှုနှင့်အတူ ရေနံဈေးနှုန်းထိုးဆင်းခဲ့ပြီး စက်သုံးဆီကုန်သွယ်ရေးအပေါ် ဖိအားများဖြစ်ပေါ်လျက် ကုန်သွယ်မှုအပေါ်ထိခိုက်ခဲ့ခြင်း စသည့် အကြောင်းအရာများကြောင့် ၂၀၂၀ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ ကုန်စည်ကုန်သွယ်ရေးမှာ ၉ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်း ဘောင်အတွင်း ကျဆင်းနိုင်ကြောင်းနှင့် စက်သုံးဆီမဟုတ်သောပြည်တွင်းထုတ်ပို့ကုန်အနေဖြင့် ၁ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်း ဘောင်အတွင်း ကျဆင်းနိုင်ကြောင်းကို ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက မေလတွင် ကြိုတင်ခန့်မှန်းချက်ထုတ်ပြန်ခဲ့ပါသည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကလည်း ၂၀၂၀ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးသည် ၄.၉ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ပြီး၊ မသေချာမှုအခြေအနေ များစွာဖြစ်ပေါ်လာနိုင်သည်ဟု ခန့်မှန်းခဲ့ကြောင်း၊ စင်ကာပူ၏ အဓိကကုန်သွယ်ဖက်များဖြစ်သော အာဆီယံ (၅) နိုင်ငံ၊ အိန္ဒိယ၊ အမေရိကန်နှင့် အီးယူနိုင်ငံတို့သည် ကမ္ဘာ့ဝယ်လိုအားကျဆင်းမှု၏ သက်ရောက်မှုကြောင့် ကုန်ထုတ်လုပ်မှုများကျဆင်းကာ စီးပွားရေးထိခိုက်မှုများကို ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုအခြေအနေကိုလည်း ယခင်ခန့်မှန်းချက် ၁.၂ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်းသို့ အနည်းငယ်လျှော့ချ၍ခန့်မှန်းထားကြောင်း၊ ကုန်သွယ်ရေးပိုင်းအနေဖြင့် ၂၀၂၀ ခုနှစ်၊ ပထမနှစ်ဝက်တွင် ကမ္ဘာ့ကုန်သွယ်ရေးသည် တရှိန်ထိုးကျဆင်းခဲ့သော်လည်း အစိုးရများ၏ မြန်ဆန်သောကုစားမှုအစီအမံများကြောင့် ၂၀၂၀ ခုနှစ်၊ ဧပြီလတွင် ကြိုတင်ခန့်မှန်းခဲ့သော ကမ္ဘာ့ကုန်စည် ကုန်သွယ်ရေးမှာ ၃၂ ရာခိုင်နှုန်းအထိ ဆိုးရွားစွာကျဆင်းမည့်အခြေအနေသို့ မဆိုက်ရောက်နိုင်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) က သုံးသပ်ထားကြောင်း ဖော်ပြထားပါသည်။

၂၀၂၀ ခုနှစ်၊ ဒုတိယ (၃)လပတ်တွင် စင်ကာပူ၏ စက်သုံးဆီမဟုတ်သော ပြည်တွင်းထုတ်ပို့ကုန်သည် မျှော်လင့်ထားသည်ထက်ပင် တိုးတက်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ ငွေရေးကြေးရေးနှင့်မသက်ဆိုင်သော ရွှေနှင့်ဆေးဝါးပစ္စည်း ပို့ကုန်များသာမက အီလက်ထရွန်နစ်ပစ္စည်း ပို့ကုန်များသည် ယခင်(၃)လပတ်ကာလထက် တိုးတက်လာခဲ့ကြောင်း၊ ထို့ပြင် ရေနံဈေးနှုန်း ပြန်လည် မြင့်တက်လာသောအခြေအနေက စက်သုံးဆီကုန်သွယ်မှုအပေါ် ပံ့ပိုးပေးမည်ဖြစ်ပြီး ကုန်သွယ်မှုတစ်ခုလုံးတိုးတက်မှုအပေါ် အထောက်အကူပြုပေးမည်ဖြစ်ကြောင်း၊ ဤသို့သော အခြေအနေများကြောင့် ၂၀၂၀ ခုနှစ်တွင် စင်ကာပူ၏ကုန်စည်ကုန်သွယ်မှုသည် ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း ဘောင်အတွင်းသာကျဆင်းနိုင်ပြီး၊ စက်သုံးဆီမဟုတ်သော ပြည်တွင်းထုတ်ပို့ကုန်ပိုင်းတွင် ယခင်ခန့်မှန်းချက်နှင့်ဆန့်ကျင်လျက် ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းဘောင်အတွင်း တိုးတက်မှုရရှိနိုင်ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ၁၁ - ၈ - ၂၀၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

**Source:** Ministry of Trade & Industry, Singapore

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## STOCK EXCHANGE (13.8.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 12th Aug. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,500 | 10,000 | 5,173 | 51,870,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,750 | 3,750 | 3,750 | 6,214 | 23,302,500 | 38,929,150 | 145,984 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 1 | 8,000 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +500 | +2.33% | 22,000 | 22,000 | 22,000 | 1 | 22,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,800 | 2,850 | 2,800 | 532 | 1,489,850 | 12,823,224 | 36,546 |
| EFR | 00006 | 3,100 | +100 | +3.33% | 3,000 | 3,100 | 3,000 | 640 | 1,926,200 | 19,977,223 | 61,929 |

Home > Market Data > Market summary

## Market summary

As of 12th Aug. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 438.98 | +2.18 | +0.50% | 436.37 | 445.92 | 436.37 | 12,561 | 78,618,550 | 6 | 653,179 |

**Index chart**




## Market Overview

As of 1:00 pm, 13th Aug. 2020

| MYANPIX | 438.98 ▲2.18 |
|---|---|
| Total Volume (shares) | 12,561 |
| Total Value (MMK) | 79 mil |
| Listed Company | 6 |
| Market Cap. (MMK) | 653,179 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲0 |
| MTSH | 00002 | 3,750 | ▲0 |
| MCB | 00003 | 8,000 | ▲0 |
| FPB | 00004 | 22,000 | ▲500 |
| TMH | 00005 | 2,850 | ▲0 |
| EFR | 00006 | 3,100 | ▲100 |